(၈) **ဘက်တီးရီးယားရွက်ခြောက်ရောဂါ (Bacterial leaf blight)**

**ရောဂါဖြစ်စေသောသက်ရှိ - *Xanthomonas oryzae pv. oryzae* (Ishiyama 1922) Swings et al. 1990**

## ရောဂါလက္ခဏာများ

အပင်ငယ်စဉ်တွင်အောက်ရွက်၏ ရွက်ဖျား၊ ရွက်နားများတွင် သေးငယ်သော ရေစိုနာကွက်စ တင်ဖြစ်ပြီး ရွက်ပြားတစ်လျှောက်ကျယ်ပြန့်သွားသည်။ အပင်ကြီးများတွင် ရွက်ဖျား၊ ရွက်နားမှ ရေစို နာကွက် စတင်ဖြစ်ပေါ်သည်။ ရွက်ပြားတစ်လျှောက် ကျယ်ပြန့်လာသည်။ ရောဂါကျရောက်သော တစ်သျှူးသားသည် ကောက်ရိုး ခြောက်ရောင်မှ ဖြူဖွေး သော အရောင်သို့တိုင် ဖြစ်သွားသည်။ အနား မညီဘဲလှိုင်းတွန့်ပုံရှိနေသည်ကို တွေ့ရသည်။ နံနက်စောစောနှင်းကျပြီး ရောဂါကျအပိုင်းမှ ဘက်တီး ရီးယား စိမ့်ထွက်ရည်များထုတ်ပြီး နေပွင့်လာသောအခါ ပယင်းရောင်အလုံးကလေးများအဖြစ် မြင် တွေ့နိုင်သည်။





## ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကို စိုက်ပါ။
- ရောဂါကျစိုက်ခင်းမှ မျိုးစေ့ကိုပြန်လည်မစိုက်ပျိုးပါနှင့်။
- ကောက်ပင်စိပ်စိပ်မစိုက်ရ။
- ပုလဲဓာတ်မြေသြဇာကို လွန်ကဲစွာ အသုံးမပြုဘဲ လိုအပ်ပါက အကြိမ်ကြိမ်ခွဲ၍ ကျဲပက်အသုံးပြုပါ။ ပိုတက်ရှ်မြေသြဇာကို မဖြစ်မနေ အသုံးပြုပါ။
- ရေထိန်းနိုင်သောဒေသများတွင် ရေသွင်းရေထုတ်ဆောင်ရွက်ပေးပါ။
- ပေါင်းမြက်များ၊ ကောက်လေများနှင့် စပါးရိုင်းများကို ရှင်းလင်းပါ။

- ရောဂါကျစိုက်ခင်းမှ စပါးရိုးပြတ်များအား ထယ်ထိုးမြေ မြှုပ်၍ မြန်မြန်ဆွေးအောင် ဆောင်ရွက်ပါ။
- ရောဂါကျရောက်ပါက အောက်ပါ ဘက်တီးရီးယားသတ်ဆေးများ ပက်ဖျန်း အသုံးပြုပါ။
    - Kasugamycin (ကာစူဂါမိုင်စင်), Bismerthiazol (ဗစ်မာသီယာဇိုး)
    - Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်),
    - Oxolinic Acid (အောက်ဆိုလင်းနစ် အက်စစ်)